# တာဝန်ယူမှုရှိသော စိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်းကွင်းဆက်အတွက် OECD-FAO လမ်းညွှန်

OECD

Food and Agriculture Organization of the United Nations

တာဝန်ယူမှုရှိသော စိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်းကွင်းဆက်အတွက် OECD-FAO လမ်းညွှန် (OECD-FAO လမ်းညွှန်) သည် စိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်ဖြန့်ချိမှုလုပ်ငန်းကွင်းဆက်တွင် ဆိုးကျိုးရိုက်ခတ်မှုများကို လျော့ကျစေရန် စီးပွားလုပ်ငန်းများအား အထောက်အကူပြုပြီး၊ အားလုံးပါဝင်သည့် ဖွံ့ဖြိုးမှုကို အားပေးမြှင့်တင်သည်။ OECD-FAO လမ်းညွှန်ကို အကောင်အထည်ဖော်ခြင်းဖြင့် စီးပွားလုပ်ငန်းများအနေနှင့် အန္တရာယ်များကို လက်ဦးမှု ရယူပြီး ဖြေရှင်းကာ ရေရှည် ဖွံ့ဖြိုးမှု ပန်းတိုင်များကို ပြည့်မီစေနိုင်သည်။

## နောက်ခံအကြောင်းအရာ

ရာသီဥတုပြောင်းလဲမှု၊ သဘာဝသယံဇာတ အကန့်အသတ် များဖြင့် ပုံဆောင်နေသောကမ္ဘာကြီးတွင် စိုက်ပျိုးရေးသည် ရေရှည် စီးပွား ဖွံ့ဖြိုးမှုအတွက် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်နေသည်။

စိုက်ပျိုးရေးလုပ်ငန်းများသည် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးရာ ဇစ်မြစ်တစ်ခုဖြစ်သည်။ ယင်းလုပ်ငန်းများက တိုးပွားလာလျက်ရှိသည့် လူဦးရေများအား ဘေးကင်းပြီး အာဟာရပြည့်ဝသည့် အစားအစာများ ပေးဆောင်နိုင်ရန်ကျွမ်းကျင်မှု၊နည်းပညာနှင့် ငွေကြေးဆိုင်ရာ စွမ်းအား များ ဆောင်ကြဉ်းပေးနိုင်သည်။ ဘေးကင်းပြီး၊ အရည်အသွေးမြင့်ပြီး တာဝန်ယူမှု ရှိသော အစားအသောက်နှင့် စားသောက်ကုန် မဟုတ်သည့် စိုက်ပျိုးရေး ဆိုင်ရာ လူသုံးကုန်ပစ္စည်းများသည် အကျိုး ဆက်စပ်သူအားလုံးအတွက် အဓိက စိန်ခေါ်မှုဖြစ်နေဆဲပင်ဖြစ်သည်။

OECD-FAO လမ်းညွှန်သည် လုပ်ငန်းကွင်းဆက်များအတွင်းရှိ အန္တရာယ် များ ဖော်ထုတ်ပြီး ဦးစားပေးရပ် သတ်မှတ်ရန်၊ ဆိုးကျိုး ရိုက်ခတ်မှုများ ရှောင်ရှားပြီး အန္တရာယ်များဖြေရှင်း လျော့ကျစေရန်၊ စနစ်များချမှတ်ရန် စသည်တို့လုပ်ဆောင်နိုင်ရန်အလို့ငှာ အန္တရာယ် အခြေပြု အလေးထား စိစစ် ဆောင်ရွက်ရေးလုပ်ငန်းစဉ် လုပ်ရန် အကြံပြုသည်။ အလေးထား စိစစ် ဆောင်ရွက်မှုထိရောက်လျှင် စီးပွားလုပ်ငန်းများ၏ ဂုဏ်သိက္ခာ၊ လည်ပတ်မှု ဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အန္တရာယ်များ လျော့ကျစေပြီး SDG များ ပြည့်မီစေရန် အထောက် အကူ ပြုသည်။

## OECD-FAOလမ်းညွှန်အကြောင်း

OECD-FAO လမ်းညွှန် အကြံပြုချက်များသည် ပြည်တွင်းပြည်ပ၊ ပုဂ္ဂလိကနှင့် အများပိုင်၊ အသေးစား၊ အလတ်စားနှင့် အကြီးစား လုပ်ငန်းများအပါအဝင် စိုက်ပျိုးရေးဆိုင်ရာတန်ဖိုးကွင်းဆက်ရှိ စီးပွားလုပ်ငန်းအားလုံးနှင့် အကျုံးဝင်သည်။ လမ်းညွှန်တွင် အဓိက အခန်း ၂ ခန်း ပါရှိသည်။

- ### စိုက်ပျိုးရေးဆိုင်ရာ စံနှုန်းများ

ဤအခန်းတွင် စိုက်ပျိုးရေး ထုတ်လုပ်ဖြန့်ချိမှုလုပ်ငန်းကွင်းဆက်များ တာဝန်ယူမှု မြှင့်တင်ရန် စီးပွားလုပ်ငန်းများလိုက်နာသင့်သည့် စံနှုန်းများကို ဖော်ပြသည်။ ကျား-မ ကဏ္ဍနှင့် အကျိုးခံစားခွင့် မျှဝေခြင်း အပြင် လူ့အခွင့်အရေး၊ အလုပ်သမားအခွင့်အရေး၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရ ပြည့်ဝရေး၊ မြေအသုံးချခွင့်၊ တိရစ္ဆာန် ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ သဘာဝသယံဇာတများ ရေရှည်အသုံးပြုနိုင်ရေး၊ အုပ်ချုပ်ရေး၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုစသဖြင့် အကြောင်းအရာအလိုက် ခြုံငုံမိစေရန် ဖော်ပြထားသည်။

- ### ငါးဆင့်ပါ အလေးထားစိစစ်ဆောင်ရွက်မှု မူဘောင်

စီးပွားလုပ်ငန်းများသည် ၎င်းတို့၏ လုပ်ငန်းဆောင်တာများ၏ အမှန်တကယ် ဖြစ်ပွားလျက်ရှိသော၊ ဖြစ်ပွားနိုင်ခြေရှိသော ဆိုးကျိုးရိုက်ခတ်မှုများကို ဖော်ထုတ်၊ အကဲဖြတ်၊ ဦးစားပေးရပ် သတ်မှတ်ပြီး မည်သို့ ဖြေရှင်းသည်ကိုလည်း တာဝန်ယူသင့်သည်။ စီးပွားလုပ်ငန်းအားလုံးအနေနှင့် အလေးထားစိစစ်မှု ဆောင်ရွက်ရန်လိုသည် မှန်သော်လည်း၊ ဤမူဘောင်အရ အကောင်အထည်ဖော်မှုကို လုပ်ငန်းကွင်းဆက်အတွင်းရှိ မိမိတို့၏ အနေအထားအရ ချိန်ညှိဆောင်ရွက်နိုင်သည်။

## ငါးဆင့်ပါ မူဘောင်

1. အားကောင်းသည့် ကုမ္ပဏီ စီမံခန့်ခွဲရေး စနစ်များထူထောင်ရန်
2. လုပ်ငန်းကွင်းဆက်အတွင်းရှိ အန္တရာယ် ဖော်ထုတ်၊ အကဲဖြတ်၊ဦးစားပေး ရပ် သတ်မှတ်ရန်
3. ဖော်ထုတ်ပြီးအန္တရာယ်များကို တုံ့ပြန်ရန် မဟာဗျူဟာရေးဆွဲ အကောင်အထည်ဖော်ရန်
4. လုပ်ငန်းကွင်းဆက် အလေးထားစိစစ်မှု အတည်ပြုရန်
5. လုပ်ငန်းကွင်းဆက် အလေးထားစိစစ်မှု အစီရင်ခံရန်

တာဝန်ယူမှုရှိသော စိုက်ပျိုးရေးလုပ်ငန်းကွင်းဆက်များအတွက် OECD-FAO လမ်းညွှန်တွင် ပါရှိသော တာဝန်ယူမှု ရှိသည့် လုပ်ငန်းကျင့်ဝတ်အကြောင်းအရာများ




**တာဝန်ယူမှုရှိသော စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းကွင်းဆက်များအတွက် OECD-FAO လမ်းညွှန်အကောင်အထည်ဖော်မှုတွင် ထောက်အကူပြုရန် လုပ်ရှားမှုများ**

1. OECD-FAO လမ်းညွှန် အကောင်အထည်ဖော်ရေး မြှင့်တင်ရန် စိုက်ပျိုးရေး-စီးပွား ကုမ္ပဏီများနှင့်လုပ်ဆောင်မည့် ရှေ့ပြေးစီမံကိန်း
2. အလေးထားစိစစ်ဆောင်ရွက်မှု အကောင်အထည်ဖော်ရာတွင် ကုမ္ပဏီများအတွက် အထောက်အကူဖြစ်စေရန် လက်တွေ့ကျသည့် နည်းများနှင့် လမ်းညွှန်များ
3. အလေးထားစိစစ်ဆောင်ရွက်ရေး ချဉ်းကပ်ပုံများ၊ နည်းကိရိယာများနှင့် ဖြေရှင်းနည်းများ အချင်းချင်း မျှဝေရန် webinar များ နှင့် ဆွေးနွေးပွဲများ
4. တာဝန်ယူမှုရှိသော စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းကွင်းဆက်များအကြောင်းဆွေးနွေးရန် အကျိုးဆက်စပ်သူပေါင်းစုံ ပါဝင်သည့် စားပွဲဝိုင်း ဆွေးနွေးပွဲများနှင့် ညီလာခံများ
5. တာဝန်ယူမှုရှိသော လုပ်ငန်းကျင့်ဝတ်နှင့် စပ်လျဉ်းသည့် OECD စံနှုန်းများ မြှင့်တင်အားပေးရန်နှင့် တိုင်တန်းမှုများကို အပြုသဘောဆောင်စွာ ကူညီဖြေရှင်းရန် နိုင်ငံအဆင့် ဆက်သွယ်ရန် ဌာနများဆိုင်ရာ ကမ္ဘာ့ကွန်ရက်

ထပ်မံသိရှိလိုပါက ဆက်သွယ်ရန် -

**Ms. Shivani KANNABHIRAN** | Responsible Business Conduct Unit
OECD Directorate for Financial and Enterprise Affairs | Shivani.KANNABHIRAN@oecd.org

**Mr. Pascal LIU** I Team Leader, International Investment and Tropical Fruits
Trade and Markets Division, FAO I pascal.liu@fao.org

---

http://mneguidelines.oecd.org/rbc-agriculture-supply-chains.htm

http://www.fao.org/economic/est/issues/investment/guidance

OECD BETTER POLICIES FOR BETTER LIVES
Food and Agriculture Organization of the United Nations